**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၈. ၃. ၂၀၁၈)ရက်နေ့ တွင် တိုင်ကြားစာများစိစစ်ရေးကော်မတီမှ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားတင်ပြခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ် လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် အစီရင်ခံစာအား ဖတ်ကြားတင်ပြပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ၊ နှစ်ဖြာသောသုခနှင့် ပြည့်စုံနိုင်ကြပါစေ ကြောင်း မေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ ကိုတိုင်ကြားစာများစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား လွှတ်တော်သို့တင်ပြဆွေးနွေးမည့်တိုင်ကြားစာ များစိစစ်ရေးကော်မတီ အတွင်းရေးမှူး တာဝန် ပေးအပ်ခြင်းခံရတဲ့ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၅-၃-၂၀၁၆) (ပဉ္စမနေ့) တွင် ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီကို(၇)ဦးဖြင့်ဖွဲ့စည်းခဲ့ပြီး အောက်ပါအတိုင်း ကော်မတီဝင်အစားထိုးတာဝန် ပေးအပ်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးစိုင်းမျိုးမြင့် | မိုးနဲ-၂ | ဥက္ကဋ္ဌ |
| ( ခ) | ဦးအားကို | မိုင်းဖြတ်-၂ | အတွင်းရေးမှူး |
| ( ဂ) | ဦးစိုင်းဆန်စိန် | တန့်ယန်း-၁ | အဖွဲ့ဝင် |
| (ဃ) | ဒေါ်နန်းဖွေးဟွမ်ဦး | မောက်မယ်-၁ | အဖွဲ့ဝင် |
| ( င) | ဦးဆန်းဝင်းအောင် | မိုင်းတုံ-၂ | အဖွဲ့ဝင် |
| ( စ) | ဦးခွန်လှဆန်း | ပင်လောင်း-၁ | အဖွဲ့ဝင် |
| (ဆ) | ဗိုလ်ကြီးမြင့်ထွန်းနိုင် | ကြည်း-၃၁၆၅၆ | အဖွဲ့ဝင် |

**ကွင်းဆင်းဆောင်ရွက်ထားရှိမှု**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းတွင် တိုင်ကြားစာများစိစစ်ရေးကော်မတီမှ မြို့နယ် (၁၅)မြို့နယ်၊ အမှုတွဲ (၄၆)တွဲအား ကွင်းဆင်းစိစစ်ခြင်း (၅)ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကော်မတီ၏ ကွင်းဆင်းစိစစ်တွေ့ရှိချက်များ၊ အကြံပြုချက်များကို အစီရင်ခံစာနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပါသည်။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲများလွှဲပြောင်းပေးပို့ခဲ့ရာ (၂၂-၂-၂၀၁၈)ရက်နေ့အထိ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အမှုတွဲ(၁၁)တွဲနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို အောက်ပါအတိုင်း ပြန်ကြားခဲ့ပါသည်-

(က) ကလောမြို့၊ ပြည်ထောင်စုလမ်းမနှင့် ကလောချောင်းကြား၊ ဒေါ်ခိုင်ဟေမာကို၏ မြေ (၀. ၅၀)ဧကကိစ္စနှင့်ပတ်သက်၍ လမ်းမြေဧရိယာအတွင်းနှင့် ကလောချောင်း ဆက်စပ်ဧရိယာအား ပိုင်ဆိုင်မှုတစ်ရပ်အနေဖြင့် မတင်ပြသင့်ကြောင်းဟု လည်းကောင်း၊

(ခ) မိုင်းပွန်- လွိုင်လင် ကားလမ်း လက်ဝဲဘက်ရှိ မြေ(၅)ဧက ကိစ္စနှင့်ပတ်သက်၍ တရားပြိုင်မှ အယူခံအဆင့်ဆင့်ဝင်ရောက်လျက်ရှိသဖြင့် တရားရုံးတွင် အမှုပြီးပြတ်မှသာ ဦးဝင်းသန်းမှ မြေလွတ်၊ မြေရိုင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ လျှောက်ထားခြင်း ဆောင်ရွက်သွားရန် ဟုလည်းကောင်း၊

(ဂ) မိုးနဲမြို့နယ်၊ နမ့်မော်ဆွန် ကျေးရွာ ခြံမြေကိစ္စနှင့် ပတ်သက်၍ ဦးစိုင်းဝမ်းဆိုင်မှ ဦးဆောနားသို့ လူမှုရေးအရကျပ်သိန်း(၂၀)ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာ မြေယာစီမံခန့်ခွဲမှုအဆင့်ဆင့်မှလည်း ဖြေရှင်းပြီးဖြစ်သဖြင့် တိုင်ကြားမှုကိစ္စအား ပိတ်သိမ်းသင့်ပါကြောင်း၊ ကျေနပ်မှုမရှိပါက ဥပဒေကြောင်းအရ ဆောင်ရွက်သွားစေရန် တိုင်ကြားသူအား ခေါ်ယူအသိပေးရှင်းလင်းရန် ခရိုင်စီမံခန့်ခွဲမှုကော်မတီသို့ (၇.၉.၂၀၁၆)ရက်နေ့တွင် အကြောင်းကြားထား ပြီးဖြစ်သည်ဟု လည်းကောင်း၊

(ဃ) နမ့်စန်-ခိုလမ်ကားလမ်းမဘေး ခြံမြေနေရာကိစ္စတွင် ဗိုလ်မှူးချစ်သန်း(ငြိမ်း) အနေဖြင့် လုပ်ကိုင်နိုင်မည့် မြေကိုသာလည်းကောင်း၊ ဒေါ်နန်းနွမ်းပါ (၈)ဦးအနေဖြင့် စိုက်ပျိုးလုပ်ကိုင်နေသော မြေဧရိယာကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ လျှောက်ထား ဆောင်ရွက်သွားစေရန်ဟု လည်းကောင်း၊

( င) လှိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပင်လုံ-လဲချားကားလမ်းမဘေးရှိ မွေတော်ဟိုနားစေတီ အနီး ခင်ပွန်းအမည်ဖြင့် လုပ်ကိုင်ခွင့်ရသော ဒေါ်နန်းမွန်း၏ မြေ (၀.၂၁)ကေကို သစ်တောဦးစီးဌာနမှ ပျိုးပင်များဝင်ရောက်စိုက်ပျိုးပြီး မြေစာရင်းပုံစံ(၁၀၅) ရယူထား သည်ကို ပြန်လည်တောင်းဆိုသောကိစ္စတွင် အဆိုပါမြေနေရာသည် လှိုင်လင်-ပန်ကေတု-သီပေါ ကားလမ်းမ ဧရိယာတွင်း ကျရောက်နေသဖြင့် တိုင်ကြားသူ ဒေါ်နန်းမွန်းထံသို့ ပြန်လည်ပေးအပ်ရန် မသင့်ကြောင်းနှင့် ပြည်ထောင်စုလမ်းမကြီး အဖြစ် အဆင့်မြှင့်တင်ခြင်း မပြုမီကာလအတွင်း သစ်တောပျိုးဥယျာဉ်အဖြစ် ယာယီ အသုံးပြုခွင့်ပြုရန်သင့်ပါသည် ဟုလည်းကောင်း၊

(စ) လှိုင်လင်ခရိုင်၊ လှိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဟဲနန်း ကျေးရွာအုပ်စု၊ ဝမ်မိုင်ရွာ၊ ဝမ်မိုင် ဘုန်းကြီးကျောင်း မြောက်ဘက်ရှိ မိမိတို့ ပိုင်ဆိုင်သော ခြံမြေယာ (၅၉. ၉၂)ကေအား ၂၀၁၀ ခုနှစ်တွင်၊ မတရား သိမ်းဆည်းခံရသဖြင့် ပြန်လည်ရရှိရေး ဆောင်ရွက်ပေးပါရန် ဦးစိုင်းဆောနစိန်ပါ တောင်သူ(၂၇)ဦးမှ တင်ပြလာမှုနှင့် ပတ်သက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့် ခွဲရေးဥပဒေနှင့်အညီ လျှောက် ထားစေသင့်ပါကြောင်း အကြံပြုချက်တင်ပြလာမှုအပေါ် အကြံပြုချက်ပါအတိုင်း ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ပြန်လည်တင်ပြရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်းဟုလည်းကောင်း၊

(ဆ) လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ ရပ်ကွက် (၅)ရှိ ဦးလုံးတာ ပိုင်ဆိုင်သော မြေကွက်အမှတ်(N /၆၅) အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ နေအိမ်များဝင်ရောက် ဆောက်လုပ်နေထိုင်သူ (၃)အိမ်ထောင်ကို ဖယ်ရှားပေးပါရန် ဦးစိုင်းရွှေဟန်မှ တင်ပြ လာမှုအပေါ် သက်ဆိုင်ရာဌာနများက ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ကာယကံရှင်များ အနေဖြင့်လည်း ကျေနပ်လက်ခံကြသော ပြီးပြတ်ပြီးသည့်ကိစ္စဖြစ်သဖြင့် ယခု တိုင်ကြားစာအား ဆက်လက်အရေးယူဆောင်ရွက်ရန် မလိုအပ်တော့ပါသဖြင့် ပိတ်သိမ်းသင့်ပါကြောင်းဟုလည်းကောင်း၊

( ဇ) တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ သာမိုင်းခမ်းကျေးရွာအုပ်စု၊ ကွင်း အမှတ် (၁၄၈)၊ ဦးပိုင်အမှတ် (၁၂၄)၊ မြေဧရိယာ (၆. ၉၄)ကေကို အမှတ်(၃)ပညာရေး တပ်မှ သိမ်းယူခဲ့ခြင်းအတွက် မူလပိုင်ရှင် ဦးချစ်လှိုင်မှ ပြန်လည်တောင်းခံခြင်းကိစ္စ

နှင့်ပတ်သက်၍ အဆိုပါမြေနေရာအား တပ်ပိုင်မြေသိမ်းဆည်းကာလတွင် သက်ဆိုင်သည့် လျော်ကြေးများအား ပေးချေထားပြီး ဖြစ်ပါသဖြင့် လျော်ကြေးထပ်မံပေးချေနိုင်ခြင်း မရှိကြောင်းကို ကာယကံရှင်အား အသိပေးရှင်းလင်း ဆောင်ရွက်သွားရန် ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၊ တောင်ကြီးမြို့သို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်းဟုလည်းကောင်း၊

(ဈ) တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ နောင်လှိုင်ကျေးရွာ အုပ်စု၊ကွမ်လုံကျေးရွာ ဖယ်ခုံ-လွိုင်ကော် သွားလမ်း၊ အနောက်ဘက် ကွင်းအမှတ် (၁၂၅)ရှိ ဦးပီတာပေး ပါ(၃)ဦးတို့၏ ယာမြေကိစ္စ အငြင်းပွားမှုအား ခရိုင် လယ်ယာမြေစီမံခန့် ခွဲမှုအဖွဲ့၊ တောင်ကြီးမြို့၏ စိစစ်တွေ့ရှိချက်တွင် ကာလစည်းကမ်းသတ်မှတ် ချက်အရ အယူခံကာလ ရက်ပေါင်း (၃၀)ကျော် လွန်နေသဖြင့် လယ်ယာမြေနည်းဥပဒေ ၆၀(ဂ)အရ စစ်ဆေးဆောင်ရွက်ပေးရန်မရနိုင်ပါသဖြင့် ကာယကံရှင်များအား ခေါ်ယူချပြရှင်းလင်းပြီးစီးပြီးဖြစ်ပါကြောင်း ဟုလည်းကောင်း၊

(ည) တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ် ၊ဆိုက်ခေါင်ကျေးရွာတွင်အားကစားကွင်းရှိသော်လည်း နစ်နာကြေးမပေးဘဲ သိမ်းဆည်းထားသော ယာမြေ(၂၃)ကေနှင့်ပတ်သက်၍ ဒေါ်နန်းအုပ်ပါ (၅)ဦးမှ တင်ပြလာမှုအပေါ် ပိုင်ဆိုင်မှုအထောက် အထားပြသနိုင်မှု မရှိခြင်း၊ နိုင်ငံတော်အစီအစဉ်ဖြင့် သိမ်းယူခဲ့၍ အားကစားမြေနေရာအား ပြန်လည်လွှဲပြောင်းပေးအပ်မည်ဆိုပါက မြေယာပြဿနာများ ပိုမိုရှုပ်ထွေးလာနိုင်ခြင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဌာနပိုင်မြေလွှဲမိန့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြောင်းအရင်းခိုင်မာသဖြင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်း ကာယကံရှင်အား အသိပေးရှင်းလင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်းဟုလည်းကောင်း၊

( ဋ) ဦးဖေပါ (၁၀)ဦးတင်ပြသည့် ဆိုက်ခေါင်ဈေး၊ နမ့်ပါမူးရေကန်မြေနေရာတို ့သည် အများပိုင်အဖြစ် အသုံးပြုလျက်ရှိပြီး ဘောလုံးကွင်းဟောင်း မြေနေရာမှာလည်း ယခင်ကတည်းက တိုက်နယ်ဆေးရုံမြေနေရာနှင့် ရပ်ရွာအစီအစဉ်ဖြင့် လဲလှယ်အသုံးပြုခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် ဦးဖေပါ (၁၀)ဦး၏တင်ပြစာအား အရေးယူဆောင်ရွက်ရန်မသင့်ကြောင်းနှင့် ဖြားတန်နန်းသြသည် ပအိုဝ်းအမျိုးသားခေါင်းဆောင်

(၁)ဦးဖြစ်ပြီး ဖြားတန်နန်းသြကို ဂုဏ်ပြု၍ အမည်ပေးခဲ့ဖူးသည်မှာ မှန်ကန်မှုရှိသော်လည်း ရပ်ရွာအတွင်းရှိနေရာတစ်ခုအား ဂုဏ်ပြုအမည်ပေးခြင်းနှင့် ပတ်သက်၍ ရပ်ရွာနေပြည်သူများ၏ ဆန္ဒဖြင့် ညှိနှိုင်းဆောင်ရွက်သွားစေမည် ဖြစ်ပါကြောင်းဟုလည်းကောင်း။

တိုင်ကြားစာများစိစစ်ရေးကော်မတီအနေဖြင့် ကွင်းဆင်းစိစစ်တွေ့ရှိချက်အစီရင်ခံစာပါ အမှုတွဲများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ခဲ့သော်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ဆုံးဖြတ်မှုများသည် နှောင့်နှေးကြန့်ကြာနေပါသဖြင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

ယခင်က ပြည်သူများအနေဖြင့် တွေ့ဆုံပွဲများတွင် ပြည်သူ၏ တင်ပြတိုင်ကြားစာများအပေါ် တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ ပြန်ကြားချက်များကိုသိလိုကြပါသည်။ နောက်ပိုင်းကာလတွင် ပြည်သူလူထုအတွက် ရှမ်းပြည်နယ်အစိုးရမှ ဆုံးဖြတ်တုံ့ပြန်မှုမှာ နှောင့်နှေးကြန့်ကြာနေပါသဖြင့် ကော်မတီအပေါ် လူထု၏ ယုံကြည်အားကိုးမျှော်လင့်မှု လျော့နည်းလာပါသည်။ လယ်ယာပြဿနာများကို စိစစ်ဆုံးဖြတ်ပေးရသော ခရိုင်/ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအနေဖြင့် ကြားနာပွဲများတွင် ဒေသခံတောင်သူများကို စာရွက်စာတမ်း၊ အထောက်အထား ပုံစံ(၇)၊ ပုံစံ(၁၀၅)ရှိ/မရှိ မေးခွန်း မေးမြန်းပြီး ပုံစံ(၇)ရရှိမှသာ အနိုင်ရမည်ဖြစ်ရာ ဘိုးဘွားစဉ်ဆက် နေထိုင်ပိုင်ဆိုင ခဲ့သော်လည်း ပုံစံ(၇)လက်ဝယ်မရှိသဖြင့် လက်ရှိ၊ လက်ငုတ်မှ ပိုင်ဆိုင်ခွင့်မရသည့် တောင်သူများ၏ ဘဝဖြစ်ခဲ့ရပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ-၇ ကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၅ တွင် မြို့နယ်ဦးစီးဌာနရုံးသည် ပုဒ်မ ၄ အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့် ခွဲမှုအဖွဲ့သို့ တင်ပြရမည်ဟုလည်းကောင်း၊ ပုဒ်မ ၆ တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေ အာဏာတည်သည့်နေရက်တွင် တည်ရှိနေသော လယ်ယာမြေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းပါရှိပါသည်။

ပုံစံ-(၇ )ရသူအချို့မှ လက်ဝယ်ပိုင်ဆိုင်ခွင့်အရ လယ်ယာ မြေအငြင်းပွားမှုတွင် မည်သူ့ကိုမျှ ဂရုစိုက်စရာမလိုသည့် သဘောဖြင့် ခြံတွင်းဝင်ရောက်စိုက်ပျိုးသော ဒေသခံတောင်သူများကိုပင် တရားစွဲဆိုမှုများရှိလာပါသည်။ သို့ဖြစ်ပါ၍မြေယာအငြင်း ပွားမှုရှိသည့် အချင်းဖြစ်မြေယာများ၏ ပုံစံ-(၇) ထုတ်ယူရရှိမှုများကို လည်း စိစစ်ရန်လိုအပ်ပါသည်ဟု ယူဆပါသည်။

မြေယာအငြင်းပွားမှုများကို ကွင်းဆင်းစိစစ်ခဲ့သော ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများ စိစစ်ရေးကော်မတီ ပြန်သွားသည်နှင့် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ကို မည်သည့် နည်းဖြင့် ရသည်မသိရဘဲ အခိုင်အမာအဆောက် အဦများ၊ ကားရပ်နား စခန်းများ၊ ဓါတ်ဆီပန် ့များ အလျှိုလျှို ပေါ်ပေါက်လာသည်ကို တွေ့ရှိရပါသည်။ မည်သည့်ဟန့်တားမှုမျှ မပြုလုပ်ကြပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပြောနေသည့် တရားဥပဒေစိုးမိုးရေးအဆင့်သို့ ရောက်ရန် ဦးစွာ လိုအပ်နေပါကြောင်း ဆွေးနွေး တင်ပြအပ်ပါသည်။

တိုင်ကြားစာများစိစစ်ရေးကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြားစာများမှာ တပ်မြေ အတွက် လယ်ယာမြေသိမ်းဆည်းမှုများ အပါအဝင် အမှုပေါင်း (၁၈၀)ကျော် ရှိနေပြီး ကော်မတီမှ မြို့နယ်ပေါင်း (၁၅)မြို့အထိ ကွင်းဆင်းခဲ့ရာ အမှုပေါင်း (၄၆)မှုခန့် စိစစ်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ တိုင်ကြားစာများစိစစ်ရေးကော်မတီဝင်(၇)ဦးသာ ရှိပြီး ရှမ်းပြည်အနှံ့ ကွင်းဆင်း နေရသဖြင့် ဝန်နှင့်အားမမျှပါသောကြောင့် ကော်မတီဝင်အင်အားကို ထပ်မံဖြည့်စွက်ပေးရန် လိုအပ် လျက်ရှိပြီး ကွင်းဆင်းစိစစ်ရာတွင် ကော်မတီဝင်များ ဒေသအလိုက်ခွဲ၍ ကွင်းဆင်းစိစစ်နိုင်ပါက ပြည်သူများ၏ တိုင်ကြားစာများအပေါ် ပို၍အကောင်အထည်ဖော်ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။ ထို့ပြင်ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများ၏ လုပ်ငန်းများဆောင်ရွက်ရန် ကော်မတီ (၁)ခုလျှင်မော်တော်ယာဉ်(၁)စီးစီ သုံးစွဲနိုင်ခွင့်ရရှိပါက သွားလာရေး အဆင်ပြေမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများစိစစ်ရေး ကော်မတီမှ တင်ပြသည့် အစီရင်ခံစာအား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ (စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။